# မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း

ဤစာစောင်သည် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် ပတ်သက်၍ အများပြည်သူ ဖတ်ရှု နားလည်လွယ်ရန် စီစဉ်ထားသော စာစောင်သာဖြစ်ပြီး တရားဝင်အထောက်အထားတစ်ခုမဟုတ်ပါ။ ကွန်ဗင်းရှင်းပါ အချက်အလက် အပြည့်အစုံအား သိရှိလိုပါက ကွန်ဗင်းရှင်း မူရင်းပုံစံကို ဖတ်ရှုရမည်ဖြစ်ပါသည်။

ကွန်ဗင်းရှင်းမူရင်းစာမူနှင့် နိုင်ငံများမှ ပါဝင်လက်မှတ် ရေးထိုး ထားသည့် အခြေအနေတို့ကို ကုလသမဂ္ဂ၏ www.un.org/disabilities/ဝက်ဘ် စာမျက်နှာတွင် လေ့လာနိုင်ပါသည်။ဤကွန်ဗင်းရှင်း အမည်အပြည့်အစုံမှာ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာကွန်ဗင်းရှင်း (Convention on the Rights of Persons with Disabilities) ဖြစ်ပါသည်။

## ၁။ ကွန်ဗင်းရှင်းအကြောင်း

မသန်စွမ်းသူများအနေဖြင့် အခြားသူများနှင့် တူညီသော အခွင့်အရေးများ ရရှိနိုင်ရန်အတွက် နိုင်ငံအသီးသီးမှ ဆောင်ရွက်ပေးရမည့်အချက်များကို ဤ ကွန်ဗင်းရှင်းက သတ်မှတ်ပေးထားပါသည်။

## ၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**ဆက်သွယ်ရေး** ဆိုသည်မှာ မသန်စွမ်းသူများအနေဖြင့် သတင်းအချက် အလက်များကို ပြောဆို၊ နားလည်နိုင်ရန်အတွက် အထောက် အကူပြုသော

နည်းလမ်းများကို ဆိုလိုသည်။ ဥပမာ- ကွန်ပျူတာပုံနှိပ်စာလုံး၊ အလွယ်တကူ ဖတ်ရှုနိုင်သည့် စာများ၊ မျက်မမြင်လက်စမ်းစာများ၊

**ခွဲခြားဆက်ဆံခြင်း** ဆိုသည်မှာ မသန်စွမ်းသူ တစ်ယောက် ဖြစ်နေသည့်အတွက် မမျှတစွာပြောဆိုဆက်ဆံခံရခြင်း သို့မဟုတ် မိမိရသင့်သည့် အခွင့်အရေးများမရရှိခြင်းတို့ကို ဆိုလိုသည်။

**ဘာသာစကား**ဟု ဆိုသည်မှာ လက်သင်္ကေတပြ ဘာသာစကား (Sign Language)အပါအဝင် လူများတစ်ဦးနှင့် တစ်ဦး ပြောဆိုဆက်ဆံရာတွင် အသုံးပြုသည့် နည်းလမ်းအားလုံးကို ဆိုလိုသည်။

**၃။ အခြေခံသဘောတရားများမှာ-**

- လူသားတိုင်းသည်မိမိတို့ဆန္ဒသဘောထားနှင့်အညီလွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသည်။
- မည်သူမျှ ခွဲခြားဆက်ဆံခြင်း မခံရစေရ။
- မသန်စွမ်းသူများသည်အခြားသူများနည်းတူ လူ့အသိုင်းအဝိုင်းတွင် ပါဝင်ခွင့်ရှိရမည်။
- မသန်စွမ်းသူများအား အခြားသူများကဲ့သို့ လေးစားစွာဆက်ဆံ ပြောဆိုရမည်။
- လူသားတိုင်း တန်းတူအခွင့်အရေးရရှိရမည်။
- လူသားတိုင်းတူညီသော အခွင့်အလမ်းများရှိရမည်။
- အမျိုးသားနှင့် အမျိုးသမီးတန်းတူအခွင့်အရေးရှိရမည်။
- မသန်စွမ်း ကလေးသူငယ်များကို ၎င်းတို့၏ အသက်အရွယ်အလိုက် လေးစားမှုရှိရမည်။

## ၄။ အဖွဲ့ဝင်နိုင်ငံများ ဆောင်ရွက်ပေးရမည့်အချက်များ

မသန်စွမ်းသူများအား တန်းတူညီမျှဆက်ဆံရန်အတွက် နိုင်ငံအားလုံး အောက်ပါတို့ကို ဆောင်ရွက်ပေးသင့်ပါသည်-

- မသန်စွမ်းသူများ၏ရပိုင်ခွင့်များကို အပြည့်အဝခံစားခွင့် ရရှိစေရန် အတွက်စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများပြဋ္ဌာန်းခြင်း နှင့်သင့်လျော်မှုမရှိသော ဥပဒေများအားပြင်ဆင်ခြင်း၊
- မူဝါဒများနှင့်လုပ်ငန်းစဉ်အားလုံးတွင် မသန်စွမ်းသူများကို တန်းတူဆက်ဆံရေးအား ထည့်သွင်းပါဝင်စေခြင်း၊
- ဤသဘောတူစာချုပ်ကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်များကို ရှောင်ကြဉ်ခြင်း၊
- အစိုးရအဖွဲ့အစည်းများနှင့် အာဏာပိုင်များကို ဤသဘောတူစာချုပ်အတိုင်း လိုက်နာဆောင်ရွက်စေခြင်း၊
- မည်သူ တစ်ဦးတစ်ယောက်ကမျှ မသန်စွမ်းသူများကို ခွဲခြားဆက်ဆံခြင်းမပြုနိုင်ရန်အတွက်ဆောင်ရွက်ခြင်း၊
- အသုံးအဆောင်ပစ္စည်းများကို လူတိုင်းအသုံးပြုနိုင်ရန်အဆင်ပြေသည့် ပုံစံဖန်တီးစေခြင်း (သို့မဟုတ်) လူတိုင်းအသုံးပြုနိုင်သည့်ပုံစံသို့ အလွယ်တကူ ပြောင်းလဲနိုင်မည့်ပုံစံအဖြစ်ဖန်တီးစေခြင်း၊
- မသန်စွမ်းသူများကို ကူညီရန်အတွက်နည်းပညာအသစ်များကို အသုံးပြုခြင်း၊
- မသန်စွမ်းသူများရယူ အသုံးပြုနိုင်သည့် အကူအညီအထောက်အပံ့များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ၎င်းတို့ အလွယ်တကူလက်လှမ်းမီနားလည်သိရှိနိုင်မည့်ပုံစံဖြင့် ဖြန့်ဝေပေးခြင်း၊

■ အခြားသူများကို ဤကွန်ဗင်းရှင်းနှင့် ပတ်သက်၍ပညာပေးခြင်း။

မသန်စွမ်းသူများသည် နေရာထိုင်ခင်း၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုတို့ကို ရယူနိုင်သည့်အခွင့်အလမ်းများကို အခြားသူများတန်းတူ ရရှိနိုင်ရန်အတွက် နိုင်ငံအသီးသီးမှ မိမိတို့ တတ်စွမ်းသလောက် ဆောင်ရွက်ကြရမည်။

နိုင်ငံအသီးသီးတို့သည် ဥပဒေအသစ်များ၊ မူဝါဒအသစ်များ ချမှတ်ရေးဆွဲရာတွင် မသန်စွမ်းသူများကို ပါဝင်ခွင့်ပြုသင့်သည်။

## ၅။ တန်းတူညီမျှရေးနှင့်ခွဲခြားဆက်ဆံမှုမပြုရေး

လူသားတိုင်းသည် ဥပဒေအရ တန်းတူညီမျှဖြစ်ကြောင်းနှင့် မသန်စွမ်းသူများကို ခွဲခြားဆက်ဆံခြင်းကို လုံးဝခွင့်မပြုကြောင်း အဖွဲ့ဝင်နိုင်ငံများမှ အသိအမှတ်ပြုသည်။

## ၆။ မသန်စွမ်းသူအမျိုးသမီးများ

မသန်စွမ်းအမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များသည် နည်းမျိုးစုံဖြင့် မမျှတစွာ ဆက်ဆံခြင်းကိုခံနေကြရကြောင်း နိုင်ငံများကသဘောတူသည်။

မသန်စွမ်း အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များတွင် လွတ်လပ်ပြီး တန်းတူညီမျှသော ဘဝကို အပြည့်အဝ ရရှိစေရန် အတွက် အဖွဲ့ဝင်နိုင်ငံများက အသေအချာ ဆောင်ရွက်ကြရမည်။

## ၇။ မသန်စွမ်းကလေးသူငယ်များ

မသန်စွမ်းသူ ကလေးသူငယ်များသည် အခြားကလေးများနှင့် တူညီသော အခွင့်အရေးများရရှိကြပြီး အခြားကလေးများနှင့် တန်းတူညီမျှ ဆက်ဆံခံရစေရန် အဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်ပေးရမည်။

ကလေးငယ်အတွက် အကောင်းဆုံး အကျိုးစီးပွားကို အဓိကထား စဉ်းစားမည်ဖြစ်သည်။

မသန်စွမ်းကလေး သူငယ်တိုင်းသည် ၄င်းတို့၏ ဘဝအပေါ် အကျိုး သက်ရောက်မှု ရှိနိုင်သည့် ကိစ္စများအတွက် ၄င်းတို့၏ဆန္ဒကို ထုတ်ဖော်ခွင့်ရရှိ စေရေးအတွက်ကူညီပံ့ပိုးမှုများပေးရန် အဖွဲ့ဝင်နိုင်ငံများက သဘောတူညီသည်။

## ၈။ အသိပညာမြင့်မားရေး(မသန်စွမ်းမှုအကြောင်းကို လူအများသို့ အသိ ပညာပေးခြင်း)

မသန်စွမ်းသူများသည်လည်း အခြားသူများနှင့်တန်းတူ အခွင့်အရေးများ ရှိကြောင်းနှင့် မသန်စွမ်းသူများက စွမ်းဆောင်နိုင်သည့်အရာများကို အများပြည်သူ သိရှိစေရန် အတွက်ပညာပေးရန် အဖွဲ့ဝင်နိုင်ငံများမှ အောက်ပါတို့ကိုဆောင်ရွက် ပေးရမည်။

- မသန်စွမ်းသူများအပေါ်ထားသော ထင်မြင်ယူဆချက်အမြင်ကို ပြောင်းလဲနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများ၊ လှုပ်ရှားမှု များပြုလုပ်ခြင်း။
- မည်သည့် အလုပ်များကို မသန်စွမ်းသူများလုပ်ကိုင်နိုင်ကြောင်း ကို အခြားသူများအား လက်တွေ့ပြသခြင်း။
- မသန်စွမ်းသူများ၏တန်းတူအခွင့်အရေးအကြောင်း ကလေး ငယ်အားလုံးကို သင်ကြားပေးခြင်း။

- မသန်စွမ်းသူများအကြောင်းကို သတင်းမီဒီယာမှ တစ်ဆင့် ဖော်ပြခြင်း။
- မသန်စွမ်းမှုနှင့်ဆိုင်သောအသိပညာပေးလုပ်ငန်းများကု အားပေး ထောက်ပံ့ပေးခြင်း။

## ၉။ လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်း

မသန်စွမ်းသူများသည် ၎င်းတို့ဘဝနယ်ပယ်အသီးသီးနှင့် ပတ်သက်ဆက်နွယ်နေသည့်အရာ အားလုံးကို ပိုမိုလွယ်ကူစွာ ရယူအသုံးပြုနိုင်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများမှ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

- ဆေးရုံ၊ ကျောင်းကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင်သော အဆောက်အဦများနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် မသန်စွမ်းသူများ အလွယ်တကူဝင်ထွက်သွားလာ အသုံးပြုနိုင်ရန်၊
- သတင်းအချက်အလက်များကို ပိုမိုလွယ်ကူစွာလက်လှမ်းမီရယူ အသုံးပြုနိုင်ရန်၊
- လက်သင်္ကေတပြဘာသာစကား၊ မျက်မမြင် လက်စမ်းစာများ အလွယ်တကူအသုံးပြုနိုင်ရန်၊
- ကူညီပံ့ပိုးသူများနှင့် လက်သင်္ကေတပြဘာသာပြန်များ အများပြည်သူဆိုင်ရာ အဆောက်အဦများတွင်ရရှိစေနိုင်ရန်၊
- အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများတွင် မသန်စွမ်းသူများ လက်လှမ်းမီ ရရှိအောင် ဆောင်ရွက်ရ မည့် လမ်းညွှန်ချက် များချမှတ်ရန်၊

- မသန်စွမ်းသူများအတွက် လက်လှမ်းမီရယူသုံးစွဲနိုင်သည့် ဝန်ဆောင်မှုများပံ့ပိုးနိုင်ရေးအစီအမံများချမှတ်ရန်၊
- လက်လှမ်းမီရယူသုံးစွဲခြင်းဆိုင်ရာသင်တန်းများပို့ချရန်၊
- အဖွဲ့ဝင်နိုင်ငံအစိုးရများသည်မသန်စွမ်းသူများ နည်းပညာသစ်များ သုံးစွဲခွင့်ရရှိမှု သေချာစေရန် ဆောင်ရွက်ပေးသင့်သည်။

**၁၀။ အသက်ရှင်သန်ခွင့်**

မသန်စွမ်းသူများအပါအဝင် လူသားအားလုံးသည် အသက်ရှင်သန်ခွင့် ရှိသည်။

ဘဝရပ်တည်ရှင်သန်ရန်အတွက် အခြားသူများရရှိသည့် အခွင့်အရေးများကို မသန်စွမ်းသူများတန်းတူရရှိစေရန် အဖွဲ့ဝင်နိုင်ငံများက သေချာအောင် ဆောင်ရွက်ပေးရမည်။

**၁၁။ အရေးပေါ် အခြေအနေများ**

လူသားအားလုံးအတွက် အရေးပေါ်အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေတွင် (ဥပမာ- မုန်တိုင်းကျရောက်ခြင်းမျိုး) မသန်စွမ်းသူများကို အကာအကွယ်ပေးမှုများသေချာအောင် ဆောင်ရွက်ပေးရမည်။

**၁၂။ ဥပဒေအရ တန်းတူအခွင့်အရေးရှိမှု**

မသန်စွမ်းသူများသည်အခြားသူများနည်းတူ ဥပဒေအရတန်းတူအခွင့်အရေး ရှိသည်။ မသန်စွမ်းသူများသည်အခြားသူများနည်းတူ ၄င်းတို့ဘဝ

အတွက် အရေးပါသော ဆုံးဖြတ်ချက်များကိုင်၎င်းတို့ဆန္ဒအတိုင်း ချမှတ်ပိုင်ခွင့်ရှိရမည်။

ဆုံးဖြတ်ချက်ချမှတ်ရာတွင် သင့်တင့်မှန်ကန်သော အကူအညီကို ခံယူခွင့်ရှိသည်။

အကယ်၍အခြားသူတစ်ယောက်မှ မသန်စွမ်းသူတစ်ယောက်၏ ကိုယ်စားပြောကြားပေးရန် အမှန်တကယ်လိုအပ်ပါကလည်း မှန်ကန်မျှတစွာ ဆောင်ရွက်နိုင်ရန် စည်းမျဉ်းစည်းကမ်းများ ထားရှိသင့်သည်။

မသန်စွမ်းသူများသည် အောက်ပါတို့တွင် တန်းတူရပိုင်ခွင့်ရှိသည် -

- ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် (သို့မဟုတ်) အမွေဆက်ခံပိုင်ခွင့်၊
- ငွေကြေးကမိမိပိုင်ငွေကြေးကို ကိုယ်တိုင်ကိုင်တွယ်စီမံပိုင်ခွင့်၊
- အခြားသူများနည်းတူ ဘဏ်ငွေချေးခြင်းနှင့် အခြားကြွေးမြီများ ရယူပိုင်ခွင့်၊
- ၎င်းတို့ပိုင်ဆိုင်သည့် ငွေကြေးနှင့် အိမ်ယာများကို အကြောင်းမဲ့ လက်လွှတ်ဆုံးရှုံးမှုမရှိစေရေး။

**၁၃။ တရားမျှတမှုရရှိပိုင်ခွင့်**

မသန်စွမ်းသူများသည်အများနည်းတူ တရားမျှတမှုအားရရှိပိုင်ခွင့်ရှိသည်။ မသန်စွမ်းသူများသည် အများနည်းတူ တရားရုံးများသို့ သွားရောက်ခြင်း၊ အခြားသူများကဲ့သို့ တရားရုံးသို့ အကူပုဂ္ဂိုလ် ခေါ်ဆောင်ခြင်း၊ တရားစီရင်ရေးလုပ်ငန်းစဉ် တိုင်းတွင် သက်သေအဖြစ်လည်းကောင်း၊ ရှေးဦးစုံစမ်းမှုအဆင့်နှင့် စုံစမ်း စစ်ဆေးမှုအဆင့်တို့တွင်လည်းကောင်း ပါဝင်ခွင့်ရှိစေရမည်။ ၎င်းအခွင့်အရေးများရရှိစေရန် မသန်စွမ်းသူများကို ကူညီပံ့ပိုးမှုများပြုလုပ်ပေးရမည်။

တရားရုံး၊ ရဲတပ်ဖွဲ့အကျဉ်းထောင် ဝန်ထမ်းများအတွက် အထူး သင်တန်းများကို အဖွဲ့ဝင်နိုင်ငံများမှ စီစဉ်ပေးရမည်။

**၁၄။ လွတ်လပ်မှုနှင့်လုံခြုံရေး**

မသန်စွမ်းသူများသည် အခြားသူများနည်းတူ လွတ်လပ်မှု နှင့် လုံခြုံမှု ကိုခံစားခွင့်ရှိသည်။

မသန်စွမ်းသူများကို ဥပဒေအရ မဟုတ်ဘဲ ပိတ်လှောင်၊ ချုပ်နှောင် မထားရ။ မသန်စွမ်းသည့်အတွက် ချုပ်နှောင် ဖမ်းဆီးမှုကို မခံရသင့်ပါ။ အကယ်၍ တရားဥပဒေအရ မသန်စွမ်းသူများသည် ချုပ်နှောင်ဖမ်းဆီးမှုကို ခံရပါက လည်း ၄င်းတို့အား အခြားသူများနည်းတူနိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ အာမခံရမည့်အပြင် သင့်တင့်လျောက်ပတ်သော ညှိနှိုင်းမှုများ ဆောင်ရွက် ပေးရမည်။

**၁၅။ လူသားမဆန်သောပြုမူခြင်း(သို့မဟုတ်)ပြစ်ဒဏ်ပေးခြင်းများမှ လွတ်ကင်းစေခြင်း**

မသန်စွမ်းသူများကိုမည်သူကမျှနှိပ်စက်ညှဉ်းပမ်းခြင်း၊ လူမဆန်စွာ ဆက်ဆံပြုမူခြင်း(သို့မဟုတ်)လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုလုပ်ခြင်း (သို့မဟုတ်) အပြစ်ပေးခြင်းမပြုလုပ်ရ။

မည်သူကမျှ မသန်စွမ်းသူ ကိုယ်တိုင်၏ လွတ်လပ်သော သဘောတူညီမှု မပါဘဲ မသန်စွမ်းသူများအား ဆေးပညာရပ်ဆိုင်ရာ (သို့မဟုတ်) သိပ္ပံပညာဆိုင်ရာ စမ်းသပ်မှုမပြုလုပ်ရ။

အဖွဲ့ဝင်နိုင်ငံများသည်ဖော်ပြပါကိစ္စများမဖြစ်စေရန် ဆောင်ရွက်သင့် သည်များကို ဆောင်ရွက်ပေးရမည်။

**၁၆။ ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကင်းလွတ်မှုရှိစေရေး**

မသန်စွမ်းသူများကို နေအိမ်အတွင်း၌ဖြစ်စေ၊ နေအိမ်ပြင်ပ၌ဖြစ်စေ မည်သည့်နည်းဖြင့်မဆို ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့မှ အကာအကွယ်ပေးရန် အဖွဲ့ဝင်နိုင်ငံများသည် -

(က) သင့်တော်သော ဥပဒေပြုရေး၊ စီမံခန့်ခွဲရေး၊ လူမှုရေး၊ ပညာရေးနှင့် အခြားအစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(ခ) မသန်စွမ်းသူများ၊ ၎င်းတို့၏ မိသားစုများနှင့် ၎င်းတို့အားပြုစုစောင့်ရှောက်သူများကိုခေါင်းပုံဖြတ်မှု၊ အကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုမှုတို့မှ မည်သို့ရှောင်ရှားရမည်၊ မည်သို့မှတ်သားသိရှိနိုင်မည်၊ ဖြစ်စဉ်ဖြစ်ရပ်များကို မည်သို့အစီရင်ခံရမည် စသည့်ကိစ္စရပ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းနှင့် ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

(ဂ) မသန်စွမ်းသူများအား အကူအညီပေးရန် ရေးဆွဲချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့် အစီအစဉ်များကို လွတ်လပ်သော အာဏာပိုင်အဖွဲ့အစည်းများက ထိရောက်စွာကြီးကြပ်နိုင်ရေးသေချာအောင် ဆောင်ရွက်ပေးရမည်။

ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် အလွဲ သုံးစားပြုခြင်း တစ်မျိုးမျိုး ခံရသည့်မသန်စွမ်းသူများကို ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်းနှင့် လူမှုရေးအရ ပြန်လည်ပေါင်းစည်းပေးခြင်းများအတွက် သင့်တော်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။ စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်ပါက တရားစွဲ

ဆိုခြင်းများအတွက် ထိရောက်သော ဥပဒေပြုမှု၊ မူဝါဒချမှတ်ခြင်းများ ဆောင်ရွက်ရမည်။

## ၁၇။ လူ့ဂုဏ်သိက္ခာကိုကာကွယ်ပေးခြင်း

မသန်စွမ်းသူတိုင်းသည် အခြားသူများနည်းတူရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လူ့ဂုဏ်သိက္ခာ လေးစားမှုကို ခံယူပိုင်ခွင့်ရှိသည်။

## ၁၈။ ရွှေ့ပြောင်းသွားလာခွင့်နှင့် နိုင်ငံသားခံယူခွင့်

မသန်စွမ်းသူတစ်ယောက်တွင် အောက်ပါ အခွင့်အရေးများရှိသည် -

- အခြားသူများနည်းတူမိမိနေထိုင်မည့်နေရာကို မိမိကိုယ်တိုင် ဆုံးဖြတ်ပြီး စိတ်ကြိုက် ရွှေ့ပြောင်းနေထိုင်ခွင့်၊
- နိုင်ငံသားအဖြစ်ခံယူခွင့်နှင့် နိုင်ငံသားအဖြစ်ပြောင်းလဲခွင့်၊
- မိမိ၏အမိနိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို လွတ်လပ်စွာ ထွက်ခွာခွင့်၊
- မသန်စွမ်းကလေးငယ်များကို မွေးဖွားပြီးလျှင်မှတ်ပုံတင်ခွင့်ရှိရမည်ဖြစ်ပြီး မွေးစမှစ၍အမည်ရပိုင်ခွင့် မိဘများ၏ ပြုစုစောင့်ရှောက်မှုကို ရယူပိုင်ခွင့်များလည်းရှိရမည်။

## ၁၉။ လူ့အသိုင်းအဝိုင်းအတွင်းလွတ်လပ်စွာနေထိုင်ခွင့်

အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအားလုံး လူ့အဖွဲ့အစည်းအတွင်း အများနည်းတူတန်းတူညီမျှ ရွေးချယ်နေထိုင်ခွင့် သေချာစေရန် ဆောင်ရွက်ပေးသင့်သည်။

မသန်စွမ်းသူများသည်-

- မည်သည့်နေရာတွင်မည်သူများနှင့် အတူနေထိုင်မည်ကို ရွေးချယ်ခွင့် ရှိသည်၊
- ရပ်ရွာ၏ စောင့်ရှောက်ကူညီမှုလုပ်ငန်းများ၊ သင်တန်းကျောင်းနှင့် နေအိမ်များတွင် စောင့်ရှောက်ခွင့်ရရှိရမည်၊
- ရပ်ရွာဝန်ဆောင်မှုလုပ်ငန်းများနှင့် ပံ့ပိုးမှုများကို အများနည်းတူ ရရှိရမည်

## ၂၀။ လှုပ်ရှားသွားလာခြင်း

အဖွဲ့ဝင်နိုင်ငံများသည်မသန်စွမ်းသူများလွတ်လပ်၍ အမှီအခိုကင်းစွာ လှုပ်ရှားသွားလာနိုင်စေရန်အတွက် အတတ်နိုင်ဆုံးဆောင်ရွက်ပေးရမည်။ အဖွဲ့ဝင်နိုင်ငံများသည် -

- မသန်စွမ်းသူများ လှုပ်ရှားသွားလာနိုင်ရန်အတွက် အကူအညီ ပေးသင့်သည်။
- သန်စွမ်းသူများလှုပ်ရှားသွားလာနိုင်စေရန်အတွက်လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ပံ့ပိုးပေးရန်နှင့် လှုပ်ရှား သွားလာရာတွင် အကူအညီပေးသင့်သည်။
- လှုပ်ရှားသွားလာရန်လိုအပ်သော အထောက်အကူပြု ပစ္စည်းများသည် ဈေးသင့်တင့်စေရန် ဆောင်ရွက်သင့်သည်။
- သွားလာရေးအထောက်အကူပြုပစ္စည်းများ ပြုလုပ်သော လုပ်ငန်းများကို မသန်စွမ်းသူများ၏ ကွဲပြားခြားနားသော လိုအပ်ချက်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားစေသင့်သည်။
- လှုပ်ရှားသွားလာမှုဆိုင်ရာသင်တန်းများပေးသင့်သည်။

## ၂၁။ ထင်မြင်ယူဆချက်များအားလွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် သတင်း အချက်အလက်များ ရရှိပိုင်ခွင့်

မသန်စွမ်းသူများသည် သတင်းအချက်အလက်များကို ရှာဖွေရယူခွင့်၊ ပေးခွင့်နှင့် ၎င်းတို့ ဆန္ဒကို ထုတ်ဖော်ပြောကြားခွင့်ကို အခြားသူများနည်းတူ ခံစားခွင့်ရှိသည်။ ထိုခံစားခွင့်တွင် အောက်ပါတို့ ပါဝင်သည် -

- သတင်းအချက်အလက်များကို မိမိတို့နှင့် သင့်လျော်သည့် ပုံစံဖြင့် ရယူခွင့် (ဥပမာ - အလွယ်ဖတ် ပုံပြစာဖြင့်ရယူခွင့်)၊
- သတင်းအချက်အလက်များကို လက်သင်္ကေတဘာသာစကား၊ မျက်မမြင်စာ တို့ကဲ့သို့သော အခြားနည်းလမ်းများအားဖြင့် ဖော်ပြပေးခြင်းကို ရယူခံစားခွင့်၊
- အခြားဝန်ဆောင်မှုလုပ်ငန်းများမှလည်း ၎င်းတို့အလွယ်တကူ ရယူအသုံးပြုနိုင်လောက်သည့် သတင်းအချက်အလက်များ ရရှိရန် တောင်းဆိုခွင့်၊
- အင်တာနက်အပါအဝင် သတင်းနှင့် မီဒီယာများကို မသန်စွမ်းသူများ အလွယ်တကူ ရယူအသုံးပြုနိုင်သည့် သတင်းအချက်အလက်များ ဖော်ပြပေးစေခွင့်၊
- လက်သင်္ကေတဘာသာစကား အသုံးပြုခြင်းကို အားပေးမြှင့်တင်ခွင့်၊

## အပိုဒ်(၂၂) ပုဂ္ဂိုလ်ရေးကိစ္စကိုလေးစားခြင်း

မသန်စွမ်းသူများ၏ပုဂ္ဂိုလ်ရေးကိစ္စ၊ မိသားစုကိစ္စ၊ ဆက်သွယ်ရေးကိစ္စများကိုဝင်ရောက်စွက်ဖက်မှုများမပြုလုပ်ရ။

၎င်းတို့၏ ဂုဏ်သိက္ခာနှင့်အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေသည့် စော်ကားမှုများကိုလည်းမပြုလုပ်ရ။

မသန်စွမ်းသူများအား အဆိုပါဝင်ရောက်စွက်ဖက်မှုများ (သို့) စော်ကားမှုများကို တရားဥပဒေအရ ကာကွယ်ပေးရမည်။

## ၂၃။ နေအိမ်နှင့် မိသားစုအား လေးစားမှု

မသန်စွမ်းသူများတွင် လက်ထပ်ထိမ်းမြားခွင့်၊ မိသားစုထူထောင်ခွင့်နှင့်အနီးကပ်မိတ်ဆွေများထားရှိခွင့်များကို အခြားသူများတန်းတူ ရရှိကြစေရန် အဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်ရမည်။

အဖွဲ့ဝင်နိုင်ငံများမှ အောက်ပါတို့ကို အသေအချာ ဆောင်ရွက်ပေးသင့်သည်။

- မသန်စွမ်းသူများတွင် ကာယကံရှင်နှစ်ဦးလုံး၏ သဘော ဆန္ဒရှိပါကလက်ထပ်ထိမ်းမြားရန်နှင့် မိသားစုတစ်ခုကို ထူထောင်ရန် အများတန်းတူ အခွင့်အရေးရှိစေရန်၊
- မသန်စွမ်းသူများတွင်ကလေးအရေအတွက် မည်မျှရယူလိုကြောင်းနှင့် မည်သည့်အချိန်တွင်ရယူလိုကြောင်းကို ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရရှိစေရန်နှင့် ၎င်းတို့သဘောဆန္ဒမပါဘဲ သန္ဓေတားခံရခြင်းမျိုးမရှိစေရန်၊
- မသန်စွမ်းသူများတွင် မိသားစုစီမံကိန်းများကိုယ်တိုင်ချမှတ်ရန်နှင့်ထိုကဲ့သို့သောဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၎င်းတို့ကို အထောက်အကူဖြစ်မည့် သတင်းအချက်အလက်များကို ရယူနိုင်စေရန်၊
- မသန်စွမ်းသူများက ၎င်းတို့၏ သားသမီးများကို ပြုစုပျိုးထောင်ရာတွင်အဖွဲ့ဝင်နိုင်ငံများမှပံ့ပိုးမှုများပေးရန်၊-

မသန်စွမ်းသူကလေးသူငယ်များအနေဖြင့် ၎င်းတို့ မိဘများ၏ အုပ်ထိန်းမှုမှ ခွဲခွာထားခြင်းမရှိစေရန်၊ မသန်စွမ်း ကလေး သူငယ်များနှင့် ၎င်းတို့၏မိသားစုများကို လိုအပ်သော ပံ့ပိုးမှုများပေးရန်နှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ရှေ့တန်းတင်ရန်၊

## ၂၄။ ပညာရေး

မသန်စွမ်းသူများသည် ပညာသင်ကြားခွင့်ရှိသည်။အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မသန်စွမ်းသူများ ပင်မစာသင်ကျောင်းများကို တက်ရောက်ပညာ သင်ကြားခွင့်ရှိရေးနှင့် ၎င်းတို့ဘဝတစ်လျှောက် ပညာဆက်လက်ရ ယူပိုင်ခွင့် ရှိရေးကို အလေးထားဆောင်ရွက်ကြမည်။ သို့မှသာ -

- မိမိကိုယ်ကို တန်ဖိုးထားမှု၊ လူ့အခွင့်အရေး၊ အခြေခံ လွတ်လပ် ခွင့်များအား သဘောပေါက်နားလည်မှု တိုးမြင့်လာမည်။
- မသန်စွမ်းသူများသည် ၎င်းတို့၏ ကျွမ်းကျင်မှု၊ အရည်အချင်းနှင့် စွမ်းရည်များကို တိုးတက်အောင် ကြံဆောင်နိုင်ပြီး ၎င်းတို့နှင့် ထိုက်တန်သော နေရာတစ်နေရာကို ရယူပိုင်ဆိုင်နိုင်မည်။
- မသန်စွမ်းသူများသည် မည်သည့်ပညာရေးအမျိုးအစားမျိုးမှမဆို ဖယ်ထုတ်ခံရခြင်း၊ တားဆီးခံရခြင်းမျိုးမှ ကင်းဝေးမည်။
- မသန်စွမ်းသူများသည်၎င်းတို့အတွက် အစဉ်ပြေသည့်ကျောင်းများကို မိမိတို့နေထိုင်ရာဒေသတွင်ပင်တက်ရောက်နိုင်ပြီး အများနည်းတူ တန်းတူခံစားခွင့်ကို ရရှိမည်ဖြစ်သည်။
- မသန်စွမ်းသူများသည် ၎င်းတို့၏ လိုအပ်ချက်ဆန္ဒကို အတတ်နိုင်ဆုံး ရရှိကြမည်ဖြစ်သည်။

- မသန်စွမ်းသူများသည် ပညာသင်ယူရန်အတွက် လိုအပ်သည် ပံ့ပိုးမှုများကိုရရှိကြမည်ဖြစ်သည်။
- အများပြည်သူသည်လည်း မျက်မမြင်စာအပါအဝင် အခြား ဆက်သွယ်ရေး နည်းလမ်းများကိုလိုအပ်သလို သင်ယူလေ့လာ နိုင်ကြမည်ဖြစ်သည်။
- အများပြည်သူအား လက်သင်္ကေတပြ ဘာသာစကား သင်ကြားပေးပြီး ၎င်းဘာသာစကားကို နားမကြားသူများ၏ လူမှုအသိုင်းအဝိုင်းမှ လက်ခံ ထားသော ဘာသာစကားဖြစ်လာစေရန်ဆောင်ရွက်နိုင်မည်ဖြစ် သည်။
- မျက်မမြင်နှင့် နားမကြား ကလေးသူငယ်များသည် လိုက်လျော ညီထွေ ရှိသည့် ပညာရေးကို ခံစားကြရမည်ဖြစ်ပြီး၊ သင်ကြားမှု အတွက် လိုအပ်သည့် ပံ့ပိုးမှုများလည်း ရရှိကြမည်ဖြစ်သည်။

## ၂၅။ ကျန်းမာရေး

မသန်စွမ်းသူများသည် အရည်အသွေးမီကျန်းမာရေး စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။ မိသားစုစီမံကိန်းအပါအဝင် အခြားကျန်းမာရေး ဝန်ဆောင်မှု များကို အလွယ်တကူရယူ အသုံးပြုပိုင်ခွင့် ရှိသည်။

ထို့ကြောင့် နိုင်ငံအသီးသီးမှ

- မသန်စွမ်းသူများသည် အခြားသူများ ရယူအသုံးပြုနေကြသည့် ကျန်းမာရေးဝန်ဆောင်မှုများကို တန်းတူရရှိစေရန်၊
- မသန်စွမ်းသူများသည် ၎င်းတို့၏ မသန်စွမ်းမှုအတွက် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများကို ရရှိစေရန်၊
- ၎င်းတို့နေထိုင်ရာဒေသတွင် ကျန်းမာရေးဝန်ဆောင်မှုများရရှိစေရန်၊
- ကျန်းမာရေးဝန်ဆောင်မှုပေးသောသက်ဆိုင်ရာပညာရှင်များသည် အခြားသူများကိုပေးသောဝန်ဆောင်မှုအတိုင်းမသန်စွမ်းသူများ ရရှိရန်၊

- မသန်စွမ်းသူများသည် အသက်အာမခံ (သို့မဟုတ်) ကျန်းမာရေးနှင့် ပတ်သက်သော အာမခံကိစ္စများတွင် ခွဲခြားဆက်ဆံခြင်းမခံရစေရန်၊
- မသန်စွမ်းသူတစ်ဦးဖြစ်သည့်အတွက် အလေးထားစောင့် ရှောက်ရန် ပျက်ကွက်ခြင်း(သို့မဟုတ်) ကုသမှုပေးရန် ငြင်းဆန်ခံရခြင်းမျိုး မရှိစေရန်အတွက် အလေးထားဆောင်ရွက်သင့်သည်။

## ၂၆။ ထူထောင်မှုနှင့် ပြန်လည်ထူထောင်မှု

မသန်စွမ်းသူများသည် လွတ်လပ်၍အမှီအခိုကင်းသော ကျန်းမာသည့်ဘဝကို အတိုင်းအတာဖြင့်အတတ်နိုင်ဆုံးရရှိရန်လိုအပ်ပြီး ထိုကဲ့သို့ ရရှိနိုင်စေရန်အတွက်ကျန်းမာရေး၊ အလုပ်အကိုင်၊ပညာရေး၊ အများနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့နှင့် ပတ်သက်ပြီး လိုအပ်သော ထောက်ပံ့မှုများရရှိနိုင်စေရန် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ စီစဉ်ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင်-

- ဖြစ်နိုင်သမျှ အစောဆုံးအဆင့်တွင် စတင်ရမည့်အပြင် တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့် စွမ်းဆောင်နိုင်မှုကို ဘက်ပေါင်းစုံမှ စည်းကမ်းတကျ အကဲဖြတ် ဆန်းစစ်မှုအပေါ် အခြေပြုရမည်။
- ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများကို ကျေးလက်အပါအဝင် မသန်စွမ်းသူများ နေထိုင်ရာ ရပ်ရွာနှင့် အနီးစပ်ဆုံးဒေသတွင် အလွယ်တကူ ရနိုင်ရမည်။
- ယင်းလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသော ကျွမ်းကျင်သူများနှင့် ဝန်ထမ်းများအတွက် သင်တန်းများ အဆက် မပြတ်ဖွင့် နိုင်ရန် ဆောင်ရွက်ရမည်။

● မသန်စွမ်းသူများအတွက် အကူအားပြုကရိယာများ၊ နည်းပညာနှင့် ပုံစံများ အလွယ်တကူ ရရှိရေး၊ အသိပညာဗဟုသုတနှင့် အသုံးပြုရေးတိုးတက်မြင့်မားလာအောင်ဆောင်ရွက်ပေးရမည်။

## ၂၇။ အလုပ်အကိုင်

မသန်စွမ်းသူများသည်အများနည်းတူအလုပ်လုပ်ခွင့်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများအတွက်ပိုမိုအားသွန်ခွန်စိုက်ဆောင်ရွက်မည်ဖြစ်သည်။ထိုသို့ဆောင်ရွက်ရာတွင် -

- မသန်စွမ်းသူများအလုပ်ခွင်တွင် မျှတစွာနှင့် တန်းတူညီမျှ ဆက်ဆံခြင်းအတွက် ဥပဒေများချမှတ်ခြင်း၊
- မသန်စွမ်းသူများအတွက် အလုပ်နှင့်ပတ်သက်သည့် ရပိုင်ခွင့်၊ စည်းကမ်းနှင့်အတူ လုပ်အားခတန်းတူညီမျှရရှိအောင်ဆောင်ရွက်ပေးခြင်း။
- မသန်စွမ်းသူများသည် အဖွဲ့အစည်းများတွင် အများနည်းတူ အသင်းဝင်ပိုင်ခွင့်ရှိစေရန်ဆောင်ရွက်ပေးခြင်း၊
- မသန်စွမ်းသူများ အလုပ်နှင့် ပတ်သက်သည့် အစီအစဉ်များ၊ အလုပ်သင်သင်တန်းများတွင်ပါဝင်ခွင့်ရရန် စီစဉ်ပေးခြင်း၊
- မသန်စွမ်းသူများအလုပ်ရှာဖွေရန်၊ အလုပ်တည်မြဲရန်အတွက် ကူညီခြင်းသာမက ပိုမိုကောင်းမွန်သော အလုပ်များရရှိရန် ကူညီခြင်း၊
- မသန်စွမ်းသူများ ကိုယ်ပိုင်လုပ်ငန်းများထူထောင်နိုင်ရန် အကူအညီပေးခြင်း၊
- မသန်စွမ်းသူများ အစိုးရဌာနများတွင် အလုပ်လုပ်နိုင်ရန် အကူအညီပေးခြင်း၊
- မသန်စွမ်းသူများငှင်းတို့နှင့် သင့်တော်သည့် အလုပ်များရရှိရန် အလေးပေး ဆောင်ရွက်ခြင်း၊

- မသန်စွမ်းသူများမည်သည့်အလုပ်မဆိုစမ်းသပ်လုပ်ကိုင်ခွင့်ရှိစေရန် အသေအချာစီစဉ်ဆောင်ရွက်ပေးခြင်း၊
- မသန်စွမ်းသူများ အလုပ်ခွင်သို့ပြန်ဝင်နိုင်ရန် အကူအညီပေးခြင်း။
- မသန်စွမ်းသူများအားတန်ရာတန်ကြေးလုပ်ခမပေးဘဲ အလုပ်စေခိုင်းခံရခြင်းများမရှိစေရန် နိုင်ငံအသီးသီးက စီစဉ်ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။

## ၂၈။ ပြည့်စုံသောလူနေမှုအဆင့်အတန်းနှင့် လူမှုရေးအကာအကွယ်ပေးမှု

မသန်စွမ်းသူများနှင့် ၎င်းတို့မိသားစုများသည် ပြည့်စုံသော နေထိုင်မှုဘဝအဆင့်အတန်းကို ရယူခွင့်ရှိကြောင်းအဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြုသည်။ ထိုသို့ပြည့်စုံသော နေထိုင်မှုဘဝ အဆင့်အတန်းဟုဆိုရာတွင် စားရေး၊ ဝတ်ရေး၊ နေရေး ကိစ္စ အဝတနှင့်အတူ သန့်ရှင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေကို ရရှိနိုင်မှုတို့ပါ ပါဝင်သည်။

မသန်စွမ်းသူများလူနေမှုအဆင့်အတန်းမြင့်မားရန် အဖွဲ့ဝင်နိုင်ငံများသည်-

- မသန်စွမ်းသူများသည် ၎င်းတို့အတွက်လိုအပ်သော ဝန်ဆောင်မှုနှင့် အထောက်အပံ့များကို တတ်နိုင်သည့်နှုန်းထားဖြင့် ရရှိရန်၊
- မသန်စွမ်းသူများ အထူးသဖြင့် မိန်းကလေးငယ်ရွယ်များနှင့် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများသည် သင့်တင့်သောလူမှုအဆင့်အတန်း ရရှိရန်လိုအပ်သောကူညီပံ့ပိုးမှုရရှိရန်နှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းများတွင် ပါဝင်ခွင့်ရရန်၊
- မသန်စွမ်းသူများသည် အများပြည်သူအတွက်ရည်ရွယ်သော အိမ်ယာစီမံကိန်းများကို အလွယ်တကူသိရှိခွင့်၊ ပါဝင်ခွင့် ရှိစေရန်၊
- မသန်စွမ်းသူများသည်လည်း အလုပ်မှအနားယူပြီးနောက် ပင်စင်လစာ ခံစားခွင့်အများနည်းတူရှိစေရန်၊

- ဆင်းရဲနွမ်းပါးသည့် မသန်စွမ်းသူများကို နိုင်ငံတော်၏ မသန်စွမ်းမှု စရိတ်မှ အထောက်အပံ့များပေးရန်။

## ၂၉။ နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များတွင်ပါဝင်ဆောင်ရွက်ခြင်း။

မသန်စွမ်းသူများသည် နိုင်ငံရေးကိစ္စများတွင် အများနည်းတူပါဝင် ဆောင်ရွက်ခွင့်ရှိသည်။

အဖွဲ့ဝင်နိုင်ငံများသည်မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်ရရှိမှု သေချာစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

- မဲဆန္ဒပေးခြင်းကို နားလည်ရန်သာမက၊ ပါဝင်မဲပေးနိုင်ရန် လွယ်ကူစေရေး အသေအချာစီစဉ်ဆောင်ရွက်ထားခြင်း၊
- ပြည်သူများ မဲပေးရာတွင် ၎င်းတို့ စိတ်သဘောအတိုင်း မဲပေးနိုင်ရန် လိုအပ်သောအကူအညီနှင့် ပံ့ပိုးမှုကို ရယူခွင့်ပေးထားခြင်း၊
- မသန်စွမ်းသူများသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများတွင် ပါဝင်ခွင့်ရှိစေရန် စီစဉ်ပေးခြင်း၊
- မသန်စွမ်းသူများသည် မသန်စွမ်းသူများ၏အသင်းအဖွဲ့များတွင် ပါဝင်ခွင့်ရရှိစေရန် စီစဉ်ပေးခြင်း၊
- မသန်စွမ်းသူများသည် လွှတ်တော်နှင့် ကောင်စီဝင်များအဖြစ် အရွေးခံပိုင်ခွင့် ရှိစေရန် စီစဉ်ပေးခြင်း၊
- ဆန္ဒမဲများပေးရာတွင် လျှို့ဝှက်မဲပေးခြင်းဖြစ်စေရန် အသေအချာစီစဉ်ပေးခြင်း။

**၃၀။ ယဉ်ကျေးမှုအပန်းဖြေမှုအားလပ်ခွင့်နှင့်အားကစားနယ်ပယ်များတွင်ပါဝင် ဆောင်ရွက်ခြင်း**

မသန်စွမ်းသူများသည် အခြားသူများနည်းတူ အားကစားနှင့် အားလပ်ချိန် အပန်းဖြေမှုများတွင် ပါဝင်ခွင့်ရှိသည်။
ထို့ကြောင့် နိုင်ငံအသီးသီးမှ အောက်ပါတို့ကို အသေအချာစီစဉ်ဆောင် ရွက်ပေးသင့်သည် -

- စာအုပ်စာတမ်း ကဲ့သို့သော ပစ္စည်းများ ရယူအသုံးပြုရ လွယ်ကူ စေရန်၊
- ရုပ်မြင်သံကြား၊ ရုပ်ရှင်နှင့် ပြဇာတ်ရုံများသည် အသုံးပြုရန်နှင့် ဝင်ထွက်သွားလာမှုလွယ်ကူစေရန်၊
- ပြတိုက်ကဲ့သို့သော နေရာများသို့ မသန်စွမ်းသူများအလွယ်တကူ ဝင်ထွက်သွားလာနိုင်စေရန်၊
- မသန်စွမ်းသူများသည် ၎င်းတို့သဘောဆန္ဒအလျောက်အနုပညာ လုပ်ငန်းများလုပ်ကိုင်ခွင့်ရှိစေရန်၊
- နိုင်ငံအတွင်းလက်ခံထားသော စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေ များကြောင့် မသန်စွမ်းသူများအတွက် ရုပ်ရှင်နှင့် စာအုပ်ကဲ့သို့သော ပစ္စည်းများကိုရယူအသုံးပြုရာတွင်အခက်အခဲများမကြုံတွေ့စေရန်၊
- အများပြည်သူက မသန်စွမ်းသူများ၏ သင်္ကေတပြဘာသာစကား၊ အခြားယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဘာသာစကားဆိုင်ရာထင်ရှား ရှိမှုကို အသိအမှတ်ပြုစေရန်။
- သာမန်အားကစားနည်းများတွင် မသန်စွမ်းသူများပါဝင်နိုင်စေရန် အတွက်ပံ့ပိုးပေးရန်၊

- မသန်စွမ်းသူများသည် မသန်စွမ်းသူများ ပြုလုပ်နိုင်သော အားကစားနှင့် အခြားသော အားလပ်ချိန်အပန်းဖြေမှုများတွင်ပါဝင်နိုင်စေရန်၊
- မသန်စွမ်းသူများအတွက် အားကစားအပါအဝင် အခြားသော အားလပ်ချိန် အပန်းဖြေရာနေရာများသည် သွားလာရလွယ်ကူစေရန်၊
- မသန်စွမ်းကလေးငယ်များသည်အလွယ်တကူရယူ အသုံးပြုပိုင်ခွင့်ကိုတန်းတူရရှိစေရန်။

**၃၁။ စာရင်းဇယားနှင့် အချက်အလက်များကောက်ယူစုဆောင်းခြင်း။**

ကွန်ဗင်းရှင်းပါအချက်များ အကောင်အထည်ပေါ်လာစေရန်အတွက် နိုင်ငံ အသီးသီးမှကောက်ယူစုဆောင်းပြီး ထိန်းသိမ်းရမည်။ ၎င်းတို့လိုအပ်သည့် သတင်းအချက် အလက်များကို ကောက်ယူစုဆောင်းပြီးထိန်းသိမ်းရမည် -

- ကိုယ်ရေးကိုယ်တာအချက်အလက်များအား လျှို့ဝှက်စွာ သီးသန့် သိမ်းဆည်းသင့်သည်။
- အစိုးရများကလည်း ၎င်းတို့ရှာဖွေရရှိထားသည့် အချက်အလက်များကို မသန်စွမ်းသူများမှ အများနည်းတူ အလွယ်တကူရယူ အသုံးပြုနိုင်စေရန် စီစဉ်ပေးသင့်သည်။

**၃၂။ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု**

ကွန်ဗင်းရှင်း အကောင်အထည်ပေါ်လာစေရန်အတွက် နိုင်ငံအသီးသီးမှ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်-

- မသန်စွမ်းသူများလည်း အတူပူးပေါင်းပါဝင်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်သင့်သည်။

- **ဆက်စပ်ပတ်သက်သူများမှ အကောင်းဆုံး ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံအသီးသီးမှ ၎င်းတို့ရရှိထားသည့် အချက်အလက်များ၊ ပိုင်ဆိုင်သည့် အတွေ့အကြုံများနှင့် ပေးနိုင်သည့် သင်တန်းများကို မျှဝေအသုံးပြု သင့်သည်။**
- **သုတေသနပြုလုပ်မှုများတွင် နိုင်ငံအသီးသီးမှ ပူးပေါင်းဆောင်ရွက်ပြီး ရရှိလာသည့် အချက်အလက်များကို မျှဝေသုံးစွဲသင့်သည်။**

**၃၃။ အမျိုးသားအဆင့် အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ခြင်း**

အစိုးရအဖွဲ့အစည်းများက -

- ကွန်ဗင်းရှင်းပါအချက်များ အ**ကောင်အထည်ပေါ်လာစေရန်အတွက် အစိုးရအဖွဲ့အစည်း၏ တစ်ခုခုမှအသေအချာ ကိုင်တွယ် ဆောင်ရွက် နိုင်ရန်၊**
- **ကွန်ဗင်းရှင်းပါအချက်များ မည်သည့်အတိုင်းအတာထိ အကောင် အထည်ပေါ်နေကြောင်း တိုင်းတာနိုင်မည့် နည်းလမ်းတစ်ခု သတ်မှတ်နိုင်ရန်၊**
- **ကွန်ဗင်းရှင်းပါအချက်များ မည်မျှအကောင်အထည်ပေါ်နေကြောင်းကို ဆုံးဖြတ်ရာတွင် မသန်စွမ်းသူများကိုပါ ပါဝင်အကဲဖြတ် ခွင့်ပေးရန်၊ အထူးသတိပြုဆောင်ရွက်ပေးသင့်သည်။**

**၃၄။ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကော်မတီ**

**ကွန်ဗင်းရှင်းကို အသေအချာလိုက်နာကြောင်း ကြပ်မတ်ပေးမည့် ကော်မတီ တစ်ခုကို နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များရွေးကောက်ပြီး ဖွဲ့စည်းတာဝန် ပေးအပ်ထားမည်ဖြစ်သည်။ ထိုကော်မတီကို ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းတွင် အခြေစိုက်စေမည်ဖြစ်သည်။**

**၃၅။ အဖွဲ့ဝင်နိုင်ငံများမှ အစီရင်ခံခြင်း**

ကွန်ဗင်းရှင်းတွင် ပါဝင်သည့် နိုင်ငံများသည် ၎င်းတို့ အဖွဲ့ဝင်နိုင်ငံဖြစ် ပထမ(၂)နှစ်အတွင်းတွင် သဘောတူညီချက်ပါအချက်များကို အကောင်အထည်ဖော်ရန်အတွက်ပြုလုပ်သမျှ ၎င်းတို့၏ကြိုးစားအားထုတ်မှုများကို အစီရင်ခံစာရေးသားပြီးကော်မတီသို့ သတင်းပို့ရမည်ဖြစ်သည်။

ထို့နောက်တွင် နိုင်ငံအသီးသီးသည် (၄)နှစ်တစ်ကြိမ် အစီရင်ခံစာရေးသားရမည်။ အကယ်၍ကော်မတီမှ တောင်းဆို**မှုရှိပါက သီးခြားအစီရင်ခံစာများလည်း ရေးသားပေးပို့ရမည်။ယင်းသို့ အစီရင်ခံစာရေးသားရာတွင် မည်သည့်အချက်များကို ထည့်သွင်း တင်ပြရမည်ကို ကော်မတီမှ ဆုံးဖြတ်ပေးမည်ဖြစ်သည်။ ထိုအစီရင်ခံစာများသည် မသန်စွမ်းသူများ၏ ရပိုင်ခွင့်များကို တားဆီးနေသည့် အချက်များအကြောင်းလည်းပါဝင်နိုင်ပါသည်။**

**၃၆။ အစီရင်ခံစာများကိုစဉ်းစားဆုံးဖြတ်ခြင်း**

**ကော်မတီသည် နိုင်ငံအသီးသီးမှ တင်သွင်းလာသော အချက်အလက်များကို လေ့လာဆန်းစစ်ပြီးမည်သည်တို့ကို ဆောင်ရွက်သင့်ကြောင်းကို သက်ဆိုင်ရာနိုင်ငံများသို့ စိတ်ကူးများ၊ အကြံပြုချက်များပေးရမည်ဖြစ်သည်။**

**အကယ်၍ အစီရင်ခံစာသည် သတ်မှတ်ချိန်ထက် နောက်ကျနေပါက အချိန် (၃)လအတွင်း ကော်မတီမှ ဝင်ရောက်စစ်ဆေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာနိုင်ငံကို သတိပေးပိုင်ခွင့်ရှိသည်။**

**အစီရင်ခံစာများကို နိုင်ငံတိုင်းမှ လေ့လာကြည့်ရှုခွင့်ရှိမည်။**

**အစီရင်ခံစာပါအချက်အလက်များနှင့် ကော်မတီမှ တုန့်ပြန် ပြောကြားချက်များကို အများပြည်သူမှ သိရှိခွင့်ရစေရန်အတွက် နိုင်ငံအသီးသီးမှ အလေးထားဆောင်ရွက်ပေးရမည်။လိုအပ်ပါက ကော်မတီသည် အစီရင်ခံစာများကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသို့ပေးပို့ အကြံဉာဏ်တောင်းခံခြင်းပြုလုပ်မည်ဖြစ်သည်။**

**၃၇။အဖွဲ့ဝင်နိုင်ငံများနှင့် ကော်မတီ၏ ပူးပေါင်းဆောင်ရွက်မှု**

နိုင်ငံအသီးသီးမှ ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှ လိုအပ်သော သတင်းအချက်အလက်များကို မျှဝေပေးရမည် ဖြစ်သည်။

ဤကွန်ဗင်းရှင်းကောင်းမွန်စွာ အကောင်အထည်ပေါ်လာစေရန် အတွက် နိုင်ငံအသီးသီးမှ မည်သို့ မည်ပုံ ဆောင်ရွက်သင့်ကြောင်းကို ကော်မတီမှ အလေးအနက်ထားစဉ်းစားပေးရမည်။

**၃၈။ ကော်မတီနှင့်အခြားအဖွဲ့အစည်းများဆက်ဆံရေး**

ဤကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအသီး သီးနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းမှုသည် အလွန်အရေးပါပါသည်။

အကြံဉာဏ်တောင်းခံရန်နှင့် ၎င်းတို့ ကျွမ်းကျင်ပိုင်နိုင်ရာ အလုပ်နယ်ပယ် အသီးသီးနှင့် ပတ်သက်သည့် သတင်းအချက် အလက်များ ပေးနိုင်ရန်အတွက် အမျိုးမျိုးသော ဌာနများနှင့် အဖွဲ့အစည်းများကို ကော်မတီမှ ဖိတ်ခေါ်ခြင်းမျိုး လည်း ပြုလုပ်မည်ဖြစ်သည်။

အခြားသော လူ့အခွင့်အရေးနှင့်ဆိုင်သော အဖွဲ့အစည်းများကိုလည်း ၎င်းတို့၏လုပ်ရှားမှုများသည် ဤကွန်းဗင်းရှင်းကို မည်သို့အထောက် အကူပြု ကြောင်းကို အစီရင်ခံစာများတွင် အလျဉ်းသင့်သလို ရေးသားတင်သွင်းစေမည် ဖြစ်သည်။

**၃၉။ ကော်မတီ၏ အစီရင်ခံစာ**

ကော်မတီမှ အထွေထွေညီလာခံအတွက်တစ်ကြိမ်၊ စီပွားရေးနှင့် လူမှုရေးကောင်စီအတွက်တစ်ကြိမ် (၂)နှစ်ကို တစ်ကြိမ်စီ အစီရင်ခံစာ တင်သွင်း

မည်ဖြစ်သည်။ အဆိုပါ အစီရင်ခံစာများတွင် နိုင်ငံအသီးသီးမှ တင်ပြလာသည့် မည်သို့ဆောင်ရွက်သင့်ကြောင်း အကြံဉာဏ်များ ပါဝင်မည် ဖြစ်သည်။

**၄၀။ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ**

ကွန်ဗင်းရှင်းတွင် ပါဝင်ထားသော နိုင်ငံများသည် ကွန်ဗင်းရှင်းအတွက် လိုအပ်သောလုပ်ငန်းဆောင်တာများကို တိုင်ပင်ဆွေးနွေးရန်အတွက် မကြာခဏတွေ့ဆုံကြမည်ဖြစ်သည်။

ကွန်ဗင်းရှင်းပါ လုပ်ငန်းဆောင်တာများကို စတင်ပြီး ပထမ(၆)လ အတွင်းတွင် ပထမအစည်းအဝေးကို ကျင်းပမည်ဖြစ်ပြီး နောင်ကျင်းပမည့် အစည်းအဝေးများ ကို အတွင်းရေးမှူးချုပ် မှ စီစဉ်သွားမည်ဖြစ်သည်။

**၄၁။ ကွန်ဗင်းရှင်းကို တာဝန်ယူထိန်းသိမ်းဆောင်ရွက်သူ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီး၏ အတွင်းရေးမှူးချုပ်မှ လုပ်ငန်းများ နှင့်ပတ်သက်သည့် အစီရင်ခံစာများ၊ သတင်းအချက်အလက်များကို ထိန်းသိမ်း သွားမည်ဖြစ်သည်။

**၄၂။ လက်မှတ်ရေးထိုးခြင်း**

ကွန်ဗင်းရှင်းကို ၂၀၀၇ခုနှစ် မတ်လ ၃၀ရက်မှ စတင်၍ နယူးယောက်မြို့ရှိ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့အစည်းအရုံးတွင် နိုင်ငံအသီးသီးမှပါဝင်လက်မှတ်ရေး ထိုးနိုင်ပြီဖြစ်သည်။

**၄၃။ စာချုပ်ချုပ်ဆိုရန်သဘောတူညီမှု**

ကွန်ဗင်းရှင်းကို မည်သည့်အချိန်တွင် အသေအချာ ပူးပေါင်းပါဝင် နိုင်မည်ဆိုသောအချက်ကို နိုင်ငံအသီးသီးမှ ဆုံးဖြတ်ရမည်ဖြစ်သည်။

ကတိပြုလက်မှတ်ရေးထိုးလိုက်သည့်အချိန်မှ စတင်၍အဆိုပါနိုင်ငံတွင် ကွန်ဗင်းရှင်းသဘော တူညီချက်ပါအချက်များကို စတင်အကောင်အထည် ဖော်ရန်ဖြစ်သည်။

ယခုအချိန်ထိ လက်မှတ်ရေးထိုးရခြင်းမရှိသေးသော နိုင်ငံများမှလည်း ပူးပေါင်းပါဝင်ခွင့်ရှိသည်။

**၄၄။ ဒေသဆိုင်ရာ အဖွဲ့အစည်းများ**

အချို့သောနိုင်ငံများသည် ဥရောပသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများ အားဖြင့် မဟာမိတ်ဖွဲ့ထားကြသည်။အဆိုပါ အဖွဲ့အစည်းများသည်လည်း ကွန်ဗင်းရှင်းသို့ပူးပေါင်းပါဝင်နိုင်ပြီး အဖွဲ့ဝင်နိုင်ငံများတွေ့ဆုံပွဲများတွင် ကွန်ဗင်းရှင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ဆွေးနွေးနိုင်ကြ မည်ဖြစ်သည်။

**၄၅။ ကွန်ဗင်းရှင်းအာဏာသက်ရောက်ခြင်း**

ကွန်ဗင်းရှင်းကို နိုင်ငံပေါင်း (၂၀) ဝင်ရောက်ပြီးသည့် အချိန်မှစတင် အကောင်အထည်ဖော်မည်ဖြစ်သည်။

**၄၆။ ခြွင်းချက်**

နိုင်ငံအသီးသီးသည် ကွန်ဗင်းရှင်းအားပူးပေါင်းဆောင်ရွက်ရာတွင် ကွန်ဗင်းရှင်း၏ အမှန်တကယ် အရေးပါသည့်အပိုင်းများကို လက်မှတ်မရေးထိုး လိုကြောင်း ငြင်းဆိုပိုင်ခွင့်မရှိပါ။

## ၄၇။ ကွန်ဗင်းရှင်းကို ပြင်ဆင်ခြင်းနှင့် ပြောင်းလဲခြင်း

ကွန်ဗင်းရှင်းပါအချက်များကို ပြောင်းလဲပေးရန်အတွက် မည်သည့်နိုင်ငံမှ မဆို တောင်းဆိုနိုင်ပါသည်။ ထိုသို့တောင်းဆိုရာတွင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းကြီး၏ အတွင်းရေးမှူးချုပ်သို့ လိပ်မူ၍ စာဖြင့်ရေးသား တောင်းဆိုနိုင်ပြီး တောင်းဆိုသည့်အချက်အလက်များကို အတွင်းရေးမှူးချုပ်မှ အခြားနိုင်ငံများသို့ ပြန်လည်တင်ပြမည်ဖြစ်သည်။ထိုသို့ တင်သွင်းလာသည့် အဆိုပြုချက်နှင့် ပတ်သက်ပြီးတွေ့ဆုံဆွေးနွေးရန် လိုအပ်ခြင်းရှိမရှိကို လည်းကောင်း၊ တောင်းဆိုလာသည့်အချက်များကို လိုက်နာရန် သင့်မသင့် ကို လည်းကောင်း အဖွဲ့ဝင် နိုင်ငံများမှ ဆုံးဖြတ်ပေးမည်ဖြစ်သည်။

## ၄၈။ ကွန်ဗင်းရှင်းမှ နှုတ်ထွက်ခြင်း

အကယ်၍အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ကွန်ဗင်းရှင်းမှ နှုတ်ထွက်လိုပါက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အတွင်းရေးမှူးချုပ်သို့ လိပ်မူပြီးစာဖြင့်ရေးသား လျှောက်ထားနိုင်ပြီး ထိုလျှောက်လွှာလက်ခံရရှိသည့်အချိန်မှ တစ်နှစ်ပြည့် သည့်နေ့တွင် အဆိုပါနိုင်ငံသည် ကွန်ဗင်းရှင်းမှ နှုတ်ထွက်ပြီးဖြစ်မည်ဖြစ်သည်။

## ၄၉။ အများဖတ်ရှုနိုင်သောပုံစံ

ကွန်ဗင်းရှင်းကို နားလည်ရလွယ်ကူသည့်ပုံစံများနှင့်လည်း ဖော်ပြ ပေးထားမည်ဖြစ်သည်။

## ၅၀။ တိကျမှန်ကန်စွာဘာသာပြန်ဆိုခြင်း။

နိုင်ငံအသီးသီးမှ အလေးထားဆောင်ရွက်ပေးရမည်။ လိုအပ်ပါက ကော်မတီသည် အစီရင်ခံစာများကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများ သို့ ပေးပို့ အကြံဉာဏ်တောင်းခံခြင်း ပြုလုပ်မည်ဖြစ်သည်။